# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို နံနက် ၁၀း၅၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀ း ၅၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့ လွှတ်တော် အစည်းအဝေးကိုမတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ၁၂ ဦးရှိပါတယ်။ ကိုယ်စားလှယ် ၁၂ ဦးမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်-

(၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ၊

(၂) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၊

(၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၊

(၄) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၅) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊

(၆) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊

(၇) ပုဏ္ဏန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၊

(၈) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊

(၁၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း၊

(၁၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်၊

(၁၂) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး တို့သည်အသီးသီး ခွင့်တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ မိမိတို့ လွှတ်တော်အစည်း အဝေးကို သတ်မှတ်တဲ့အချိန်ကာလထက် နောက်ကျ၍ ဆောင်ရွက်ခြင်းကို နားလည်ခွင့်လွှတ်ပေးပါရန် တင်ပြလိုပါတယ်။ ဒီနေ့ လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေရ၍ နောက်ကျခြင်း ဖြစ်ပါတယ်။

အခါကတော့ လွှတ်တော် လွှတ်တော်အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး မှန်မှန်ကန်ကန်ရရှိနိုင်ရေးအတွက် မိမိတို့ လွှတ်တော်အစည်းအဝေးခန်းမရဲ့ပြင်ပမှာ ဆောင်ရွက်နေရခြင်းကြောင့် နောက်ကျကြောင်းတင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၁၉၄၅ ခုနှစ် ငွေတိုးချထားသူများအက်ဥပဒေအရ တရားဝင်မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင်ငွေတိုးချစားသူအား ဖော်ထုတ်အရေးယူရန်နှင့် ဆင်းရဲသားများအား လိမ်လည်တရားစွဲဆိုခံနေရခြင်းကို ကာကွယ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ သာကေတမြို့နယ် အပါအဝင် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်နှင့်ကျေးရွာအချို့မှာ တရားမဝင်ငွေချေးစားသူများ ရှိနေပါတယ်။ စာချုပ်အလွတ်ပေါ်မှာ လက်မှတ်ရေးထိုးစေခြင်း၊ လက်ဗွေပုံစံများ နှိပ်ယူခြင်း၊ မှတ်ပုံတင်များ ရယူပြီးတော့ ငွေချေးခြင်းများ ခေတ်စားနေကြပါတယ်။ ငွေချေးယူသူများမှာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ပြီးတော့ လက်လုပ်လက်စားများ ဖြစ်ပါတယ်။ ဥပဒေကို နားမလည်တဲ့ရိုးသားသူများ ဖြစ်ကြပါတယ်။ အရေးပေါ်ဒုက္ခတွေ့နေချိန်မှာ လိုအပ်နေတဲ့ငွေကို ချေးငှားရရှိခြင်းကိုပင် ကျေးဇူးတင်နေရသူများ ဖြစ်ကြပါတယ်။ စာချုပ်အလွတ်မှာ လက်မှတ်ရေးထိုးကြခြင်းမှာ အလွန်အန္တရာယ်များကြောင်း မသိရှိသူများလည်း ဖြစ်ပါတယ်။ တချို့ငွေချေးသူများမှာ အိမ်မြေအရောင်းအဝယ်စာချုပ်လုပ်ပြီးတော့ ငွေချေးနေရတာကိုလည်း တွေ့ရှိရပါတယ်။ ငွေတိုးချေးစားသူများအနေနဲ့ ၁၉၄၅ ခုနှစ် ငွေတိုးချစားသူများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ စီးပွားဖြစ်လုပ်ကိုင်နေသူများ ဖြစ်ပါတယ်။ ငွေချေးယူသူများအနေနဲ့ အတိုးဟာအရင်းထက်များလာပြီးတော့ ဆက်လက်၍ အတိုးမပေးနိုင်တဲ့အခါမှာ ငွေချေးစားသူများအနေနဲ့ ဥပဒေပညာရှင်များနဲ့ပူးပေါင်းပြီးတော့ ရယူထား

တဲ့စာချုပ်အလွတ်ပေါ်မှာ မိမိကြိုက်သလို ဖြည့်စွက်ပြီး စာချုပ်အင်္ဂါရပ်နဲ့ညီအောင်ဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်းများကို ပြုလုပ်ကြပါတယ်။ ငွေချေးယူသူများအနေနဲ့ အိမ်များ၊ မြေများသိမ်းဆည်းခံရခြင်း၊ အချို့ဆိုလို့ရှိရင် ထောင်ကျသည်အထိ ခံစားရပြီးတော့ ဘဝပျက်တဲ့အထိ ဖြစ်နေတာကို ကျွန်တော် တွေ့ရှိနေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေချေးယူသူများအနေနဲ့ တရားရုံးကို ရောက်တဲ့အခါမှာ စာချုပ်အလွတ်ပေါ်မှာ လက်မှတ်ရေးထိုးရကြောင်း စာချုပ်ပါရေးသားချက်များမှာ မမှန်ကန်ပါကြောင်း မိမိကဲ့သို့ မတရားခံရသူများ ရှိကြောင်း သက်သေပြ ထွက်ဆိုခဲ့ကြသော်လည်း များသောအားဖြင့် တရားရုံးများအနေနဲ့ စာချုပ်အင်္ဂါရပ်ညီ၊ မညီ။ ငွေရယူ ထားခြင်း ရှိ၊ မရှိကိုသာ အဓိကထားပြီးတော့ စစ်ဆေးဆုံးဖြတ်အပြစ်ပေးနေတာ တွေ့ရှိနေရပါတယ်။ လက်တွေ့တကယ်အဖြစ်မှန်ပေါ်လွင်အောင် စစ်ဆေးခြင်းများ အားနည်းနေတဲ့အတွက် ဆင်းရဲသားများအနေနဲ့ နစ်နာမှုများ ရှိနေပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ (က) ၁၉၄၅ ခုနှစ် ငွေတိုးချစားသူများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင် ခြင်းမပြုဘဲ စာချုပ်အလွတ်ရယူပြီးတော့ ဥပဒေနဲ့ညီညွတ်ရန် လုပ်ကြံဖန်တီး၍ တရားမဝင်ငွေတိုးချ စားသူများအား ဖော်ထုတ်အရေးယူနိုင်ခြင်း ရှိ၊ မရှိ။ (ခ) ဥပဒေနားမလည်သည့် ဆင်းရဲသားများအား လိမ်လည်တရားစွဲဆိုခံနေရခြင်းကို ကာကွယ်ပေးမည့် အစီအစဉ်များ ရှိ၊ မရှိ။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးမှ ၁၉၄၅ ခုနှစ် ငွေတိုးချစားသူများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင်ခြင်း မပြုဘဲ စာချုပ်အလွတ်ရယူ၍ ဥပဒေနှင့်ညီစေရန် လုပ်ကြံဖန်တီးဖော်ပြ၍ တရားစွဲဆိုနေကြတဲ့ တရားမဝင် ငွေတိုးချစားသူများအား ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် ဥပဒေနားမလည်သည့် မရှိဆင်းရဲသားများအား လိမ်လည်တရားစွဲဆိုခံနေရခြင်းကို ကာကွယ်ပေးမယ့် အစီအစဉ် ရှိ၊ မရှိ မေးမြန်းခြင်းအပေါ် ကျွန်တော်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဖြေကြားလို ပါတယ်။ ဆင်းရဲနွမ်းပါးသူများအနေနဲ့ မိမိတို့ရဲ့

ပစ္စည်းပစ္စယများကို ပေါင်နှံ၍ ငွေချေးယူနိုင်ရေး အတွက် အပေါင်ဆိုင်လုပ်ငန်းများနဲ့ ငွေတိုးချေးခြင်း လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်မှ မြို့တော်စည်ပင်သာယာရေးဥပဒေများ၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနဲ့ Money Lender Act, 1945 တို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီ Money Lender Act, 1945 ပုဒ်မ ၅ နဲ့ ပုဒ်မ ၆ တို့တွင် ငွေချေးသည့်လုပ်ငန်းနဲ့စပ်လျဉ်း၍ ခွင့်ပြုချက်ရယူရန် နှင့် မှတ်ပုံတင်ပြုလုပ်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ရာ ဥပဒေနဲ့အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူပြီး မှသာ လုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိုင်စင်မဲ့ငွေတိုးချေးစားသူများကို အရေးယူခြင်းနဲ့ပတ်သက်ပြီး ဒီ Money Lender Act, 1945 ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ ငွေချေးသည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်မှတ်ပုံတင်မရှိဘဲ ငွေတိုးချေးစားသည့်လုပ်ငန်း ဆောင်ရွက်ပါက အဆိုပါလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူအား ယင်းအက်ဥပဒေပုဒ်မ ၁၇ အရ တရားစွဲ အရေးယူနိုင်မှာဖြစ်ပြီး ပြစ်မှုထင်ရှားပါက ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်စလုံးကို ဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)အရ အသေးစားငွေကြေးထုတ်ပေးခြင်းလုပ်ငန်းသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုသည့် စကားရပ်၏အဓိပ္ပာယ်ဖော်ပြချက်တွင် ပါဝင်ပါ တယ်။ ယင်းဥပဒေပုဒ်မ ၅၄ အရ လုပ်ပိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းရဲ့ လုပ်ငန်းလုပ်ပိုင်ခွင့်မရှိကြောင်း တားမြစ်ထားပြီး ယင်းတားမြစ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက ပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊ ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ပေါင်နှံခြင်း၊ အပေါင်ခံခြင်းနဲ့ ငွေချေးငှားခြင်းတို့မှာ ပြည်သူများအကြား တွင် အခါအားလျော်စွာ ရှိနေကြရာ တစ်ဖက်နှင့်တစ်ဖက် ငွေကြေးနှင့်စပ်လျဉ်း၍ အငြင်းအခုံဖြစ်ကြသည့်အခါတွင် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ တရားစွဲဆိုခြင်း၊ အမှုဖွင့် တိုင်တန်းခြင်းများ ရှိလာကြပါတယ်။ တရားလိုဖြစ်သူ၊ ငွေချေးသူက စွပ်စွဲခံရသူဖြစ်သည့် ငွေချေးငှားသူအား လိမ်လည်ရယူခြင်း၊ ယုံကြည်အပ်နှံမှုဖောက်ဖျက်ခြင်းများဖြင့် အကျုံးဝင်အောင် ဖော်ပြစွပ်စွဲသည့် နည်းတူ စွပ်စွဲခံရသူများဘက်ကလည်း အတိုးဖြင့် ငွေချေးယူခြင်းဖြစ်ကြောင်း ခုခံလေ့ရှိကြပါ တယ်။ ယခုကဲ့သို့ အမှုကိစ္စများနဲ့ တရားရုံးသို့ ရောက်ရှိလာသည့်အခါ အထက်ပါလိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်သည့် လိုင်စင်မဲ့ငွေတိုးချစားခြင်းလုပ်ငန်း လုပ်ကိုင်သူများကို Money Lender Act, 1945 အရလည်းကောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ

လည်းကောင်း အရေးယူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ ငွေတိုးချစားသူများကို ဖော်ထုတ်တိုင်ကြားလာပါက ၁၉၄၅ ခုနှစ် ငွေတိုးချထားသူများ အက်ဥပဒေအရ လည်းကောင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရလည်းကောင်း အရေးယူ နိုင်သကဲ့သို့ အဆိုပါဥပဒေများဖြင့်လည်း ပြည်သူလူထုအား အကာအကွယ်ပေးထားပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းပါပြဿနာမျိုး လျော့နည်းပပျောက်သွားစေရေးအတွက် တင်ပြလိုပါတယ်။ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ အခြေခံလူတန်းစားရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းများနဲ့ အထိရောက်ဆုံး လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ယင်းလုပ်ငန်းဟာ ဝင်ငွေနည်းမိသားစုများကို ဘဝအာမခံချက်ရှိသော ရေရှည်ခံ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ထူထောင်နိုင်ရန် အရင်းအနှီးများ ထုတ်ချေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရန် နည်းပညာပေးခြင်း၊ ကိုယ်ပိုင်ရပ်တည်လာနိုင်ရန် ယုံကြည်မှုတည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်က အသေးစားငွေရေးကြေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဥပဒေနဲ့အညီ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းထူထောင်ပြီး အခြေခံလူတန်းစားအတွက် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ဆင်းရဲနွမ်းပါးသူ ပြည်သူလူထု၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ တိုးတက်ထွန်းကားပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီတာဝန်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီကနေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ ( သြဘာသံများ )

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းခဲ့ပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ

ကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ၉-၈-၂၀၁၂ ရက်နေ့မှာ လွှတ်တော်ကို တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်းဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ကော်မတီဥက္ကဋ္ဌကြီး၏တာဝန်ပေးအပ်ချက်အရ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေမူကြမ်းနှင့်စပ်လျဥ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေမူကြမ်းအား ၂၃-၇-၂၀၁၂ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းခဲ့ပြီး ၃၀-၇-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများအနက် ၁၉၆၄ ခုနှစ် မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းကော်ပိုးရေးရှင်းဥပဒေအား လက်ရှိအခြေအနေအရ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုမရှိတော့ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ရုပ်သိမ်းရန်ဖြစ်ကြောင်း ရည်ရွယ်ချက်ကို ဖော်ပြထားပါသည်။

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်းကို ၃၀-၃-၂၀၁၀ ရက်နေ့တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းပြီးဖြစ်ပါ၍ ၁၉၆၄ ခုနှစ် မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့၍ ရုပ်သိမ်းရန်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီမှ လိုက်နာကျင့်သုံးရမည့် အချက် ၁၂ ချက်နှင့်အညီ ၉-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးကျင်းပပြီး လေ့လာစိစစ်ခဲ့ကြပါသည်။

၅။ ယင်းဥပဒေကြမ်းတွင် ပုဒ်မ ၂ ခုပါရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်ပြလာသော အချက်များနှင့်မူရင်းဥပဒေတွင်ပါရှိသော အချက်များသည် ဆက်လက်ကျင့်သုံးရန် မလိုအပ်ခြင်း၊ ဆက်လက်ကျင့်သုံးမှုမပြုတော့ခြင်းများကို စိစစ်တွေ့ရှိရပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့မှုအပေါ် ထောက်ခံပါကြောင်းနှင့် နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုးရေးရှင်း ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်ကို အတိအကျဖော်ပြ၍ ၂၀-၈-၂၀၁၂ ရက်နေ့ (တနင်္လာနေ့) ၁၃း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းကို လက်ခံရရှိကြောင်း ၁၀-၈-၂၀၁၂ ရက်နေ့မှာ

လွှတ်တော်သို့ တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူကို တစ်ပါတည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေမူကြမ်းအပေါ် ကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား ပြည်ထောင်စုလွှတ်တော်က ၁-၆-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်တွင် ၁၈-၇-၂၀၁၂ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၆-၈-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံရောင်းဝယ်ရေးလုပ်ငန်းကို နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့က တာဝန်ယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းပေးခဲ့သော ဥပဒေဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော ဥပဒေများအနက် ဤဥပဒေသည် ယနေ့ခေတ် ဆန်စပါးရောင်းဝယ်ရေး မူဝါဒနှင့် ကိုက်ညီခြင်းမရှိတော့သဖြင့် ရုပ်သိမ်းရန် တင်ပြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လာပြီးနောက် နိုင်ငံ၏ အဓိက စီးပွားရေးဖြစ်သော ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံရောင်းဝယ်ရေးလုပ်ငန်းကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရသည် ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့သော်လည်း တောင်သူလယ်သမား ပြည်သူတစ်ရပ်လုံး၏ အကျိုး စီးပွားအတွက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှစတင်ပြီး ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ကျင့်သုံးခဲ့ပြီး

ဖြစ်ရာ လက်ရှိမူဝါဒရည်မှန်းချက်များနှင့် ကိုက်ညီခြင်းမရှိတော့ပါသဖြင့် ရုပ်သိမ်းရန် လိုအပ်လာခြင်း ဖြစ်ကြောင်း တွေ့ရပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းစိစစ်ရာ၌ လိုက်နာကျင့်သုံးရမည့် အချက် ၁၂ ချက်နှင့်အညီ ယင်းဥပဒေကြမ်းအပေါ်တွင် ၁၀-၈-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်း အစည်း အဝေးကို ကျင်းပခဲ့ပြီး လေ့လာစိစစ်ခဲ့ကြပါတယ်။ ဤသို့ လေ့လာစိစစ်ကြရာတွင် လက်ရှိကျင့်သုံး လျက်ရှိသော နိုင်ငံတော်၏မူဝါဒ၊ ရည်မှန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်းများကြောင့် ရုပ်သိမ်းသင့် ကြောင်းကို နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ အရ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေမူကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ် ရေး အဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ် များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို အတိအကျ ဖော်ပြ၍ ၂၀-၈-၂၀၁၂ ရက်နေ့ (တနင်္လာနေ့) ၁၃း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ရပ်နား ပါမည်။

**အချိန် ၊ ၁၁း၂၀။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာ နိုင်ကြပါပြီ ခင်ဗျား။

**[အစည်းအဝေးကို ၃၀ မိနစ်ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် အစီအစဉ်အားလုံးကို နေ့လယ် ၁၃း၀၀ နာရီမတိုင်ခင် ဆောင်ရွက်လိုပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့တင်ပြချက်များကို တိုတိရှင်းလင်းစွာနဲ့ပဲ တင်ပြဆွေးနွေးဖို့ တိုက်တွန်းလိုပါတယ်။

**ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့် ဥပဒေများနှင့် စပ်လျဉ်း၍ ဆက်လက်ထုတ်ပြန်ရန် လိုအပ်သော ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးနေ့မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် လွှတ်တော်ကသတ်မှတ်သည့် ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ ကြိုတင်တင်ပြထားတဲ့ အဆိုရှင် ဦးသိန်းဆွေ တင်ပြနိုင်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့က ကျွန်တော်တင်ပြခဲ့တဲ့ အဆိုနှင့်ပတ်သက်ပြီးတော့မှ အနည်းငယ်ဖြည့်စွက် တင်ပြလိုပါတယ်။ ကျွန်တော် ဖြည့်စွက်မယ့်အဆိုကတော့ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့် ဥပဒေများနှင့်စပ်လျဉ်း၍ ဆက်လက်ထုတ်ပြန်ရန် လိုအပ်သော ယင်းဥပဒေနှင့်သက်ဆိုင်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော် သမ္မတက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် လွှတ်တော်ကသတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းဟု ပြင်ဆင်လိုပါတယ်ခင်ဗျား။ ပြင်ဆင်ရတဲ့အကြောင်းက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းမယ့်ဥပဒေများတွင် တချို့သောဥပဒေများမှာ နည်းဥပဒေများ ဆက်လက်ထုတ်ပြန်ရန် မလိုအပ်တဲ့ ဥပဒေများလည်း ရှိပါတယ်။ ဒီအတွက်အားလုံးကို ခြုံငုံမိစေရန်အတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်းနဲ့ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းအဆင့်ဆင့်

အနေနဲ့လည်းပဲ လုပ်သာကိုင်သာရှိရန်အတွက် ရက်ပေါင်း ၉၀ အတွင်းလို့ ထည့်သွင်းရခြင်းဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ တင်သွင်းထားတဲ့ ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီးသည့် ဥပဒေများနှင့်စပ်လျဉ်း၍ ဆက်လက်ထုတ်ပြန်ရန်လိုအပ်သော နည်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို ဦးစွာ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော် အတိုချုံးဆွေးနွေးတင်ပြလိုပါတယ်။ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့အဆိုကို ကျွန်တော်တို့အားလုံး ကြားသိပြီး ဖြစ်ပါတယ်။ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးသည့်နောက်မှာ နောက်ကလိုက်ရမယ့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ အလွန်အရေးကြီးပါတယ်။ အလွန်အရေးကြီးတယ်ဆိုတဲ့နေရာမှာ အလျင်အမြန်နောက်မှာဆက်ပြီးတော့ လိုက်ဖို့လည်း အရေးကြီးပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဥပမာ လယ်ယာမြေဥပဒေနှင့် ပတ်သက်ပြီးတော့ အနည်းငယ်ဆွေးနွေးလိုပါတယ်။ လယ်ယာမြေ ဥပဒေမှာ ဥပဒေပုဒ်မ ၂ မှာ နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးပြီးတော့ ကြေညာတဲ့အခါမှသာလျှင် ဥပဒေဟာ စတင်အာဏာတည်ရမယ်လို့ ပါပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်လို့ ပါရှိပါတယ်။ အခုတော့ ဒီဥပဒေထဲမှာ သီးခြားထုတ်ပြန်ချက်၊ ဖော်ပြချက် ပါရှိနေတာကို တွေ့ရပါတယ်။ အဲဒီလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ မှာလည်း တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ

အတည်ဖြစ်သည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၄၄၇ မှာလည်း တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်လို့ ဆိုထားပါတယ်။ အဲတော့ ဥပဒေတစ်ခု တည်ပြီးတဲ့နောက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ ဒီဥပဒေထဲမှာရော အတည်ပြုဖို့ အခြေအနေအချက်အလက်တွေဟာ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ စောင့်ဆိုင်းနေရတာ ဖြစ်ပါတယ်။ ဒီလို စောင့်ဆိုင်းနေရတဲ့ အတွက်ကြောင့်မို့ တကယ်လွှတ်တော်ကိုယ်စားလှယ်တွေဆီကို တင်ပြကြတဲ့ အချို့သော တရားရေး ဆိုင်ရာအမှုများမှာ အကူအညီပေးရတာ အလွန်ခက်ခဲတဲ့ အနေအထားမျိုးလေးလည်း တွေ့ရပါတယ်။ ဒီဥပဒေအရ အမျိုးသမီးတစ်ဦးဟာ လင်ယောကျ်ားသေဆုံးပြီးတဲ့နောက်မှာ လင်ယောကျ်ားပိုင်ဆိုင်တဲ့ လယ်ဧက ၃.၃၇ ဧက အဲဒီပိုင်ဆိုင်မှုကို ဆက်လက်ပြီးတော့ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားတဲ့ နေရာမှာ ဤဥပဒေအရဆိုရင် ဒီမိန်းကလေးဟာ အခွင့်အရေးတွေအများကြီးရှိပါတယ်။ ဘာလို့လဲဆို တော့ လယ်ယာမြေ ဥပဒေပုဒ်မ ၉(ခ)မှာ ဆိုလို့ရှိရင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါ အခွင့်အရေးများကို ရရှိစေရမည်။ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်ရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လို့ ဒီဥပဒေအရင်က သီးစားချထားရေး ဥပဒေအရဆိုရင် ဒီရောင်းချတာတို့၊ ပေါင်နှံတာတို့၊ ငှားရမ်းတာတို့ဟာ ဒါတွေဟာ စည်းကမ်းနှင့်မညီ ဆိုပြီးတော့ သီးစားချထားရေးဥပဒေအရ ခွင့်မပြုခဲ့ပါဘူး။ ဒီစည်းကမ်းတွေကို ဖောက်ဖျက်တယ်ဆိုလို့ ရှိရင် လက်ရှိလုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်ကိုသာလျှင် အနည်းဆုံး ၅ နှစ်လုပ်ကိုင်မယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ကို လယ်ယာလုပ်ပိုင်ခွင့်ပေးတယ်လို့ ဆိုလိုပါတယ်။ လယ်ယာမြေဥပဒေ ပေါ်ပေါက်လာတဲ့အခါကျတော့ သီးစားချထားရေးဥပဒေကို ပယ်ဖျက်တယ်လို့ ပါပါတယ်။ ပါတဲ့အတွက် ဒီမိန်းကလေးအတွက်က အခွင့်အလမ်း ရှိပါတယ်။ သို့သော်လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ မပေါ်သေးတဲ့ အတွက် ဒီဥပဒေထဲမှာ၊ လယ်ယာမြေဥပဒေထဲမှာပါတဲ့ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုတာဟာ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ဥပဒေက အာဏာမတည်သေးတဲ့ အတွက်ကြောင့်မို့လို့ မြေစာရင်းဦးစီးဌာနကို မေးကြည့်တဲ့အခါကျတော့ ဒီအဖွဲ့တွေဟာ မဖွဲ့သေးရပါ ဘူးတဲ့။ မဖွဲ့ရသေးတဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေအရ ဒီမိန်းကလေးရဲ့ အခွင့်အရေးကို အကာအကွယ် မပေးနိုင်တဲ့အပြင် ဒီမိန်းကလေးရဲ့ခင်ပွန်းက ကျန်းမာရေးအရ ဒီလယ်ယာကို မလုပ်နိုင်

လို့ သူရဲ့အစ်ကို ဖြစ်သူကို လယ်ယာမြေလုပ်ပိုင်ခွင့်ပေးခဲ့တာဟာ ၆ နှစ်နီးပါးရှိသွားတာ တွေ့ရပါတယ်။ ၆ နှစ်နီးပါးရှိတဲ့ အတွက် ဒီလယ်ယာမြေကို ဒီမိန်းကလေးက မပိုင်။ သီးစားချထားရေးဥပဒေအရ သူ့အစ်ကိုက ပိုင်စေဆိုပြီးတော့ မြေယာကော်မတီက ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ မိန်းကလေးမှာ သူရရှိတဲ့ အခွင့်အရေးကို ဥပဒေကြီးရှေ့က ကြေညာနေတာကို မြင်ပါလျက်နဲ့ သူ့မှာ ခံစားခွင့်မရဘဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကလည်း ဒီကိစ္စကို အကာအကွယ်မပေးနိုင်တော့ဘဲ ဖြစ်သွားပါတယ်။ အကယ်၍သာ ဥပဒေနှင့်အတူ နောက်ပိုင်းက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ တစ်ဆက်တည်း ထွက်လာမယ်ဆိုလို့ရှိရင် ပြဿနာဖြစ်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဦးသိန်းဆွေရဲ့အဆိုမှာပါတဲ့ အတိုင်းပါပဲ ဥပဒေတစ်ခုရဲ့ နောက်မှာဆက်တိုက် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေဟာ တောက်လျှောက်ပါ သင့်ပါတယ်။ ဒါမှလည်း ပြဿနာတွေနည်းမှာ ဖြစ်ပါတယ်။ အဲလိုပါပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေဆိုတာလည်း ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ထွက်ပါတယ်။ ၅ လကြာမှ နည်းဥပဒေ ထွက်ပါတယ်။ အဲဒီတော့ ကျေးရွာနှင့်ရပ်ကွက်အတွင်းမှာ ပြဿနာတွေတက်ပါတယ်။ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဟာ ဥပဒေနှင့်မညီတဲ့ ဒဏ်ရိုက်တာတို့ဆိုတာတွေ ဒီဥပဒေကို ဖတ်ထားတဲ့ ပြည်သူတွေက သိပါတယ်။ သိတော့ ဒီဥပဒေအရ အရေးယူဖို့ တောင်းဆိုကြပါတယ်။ သို့သော်လည်း နည်းဥပဒေ မထွက်သေးတဲ့ အတွက် ပြန်ပြီး အုပ်ချုပ်ရေးမှူးရွေးရတော့ မလိုလို။ ဒီဥပဒေအရ ညွှန်းပြီးတော့ပဲ အရေးယူရတော့ မလိုလို။ အုပ်ချုပ်မှုအပိုင်းမှာ လာပြီးတော့ အခက်အခဲတွေ တွေ့ရပါတယ်။ အဲဒီလိုပါပဲ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကိုလည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ ထုတ်ခဲ့ပါတယ်။ သို့သော်လည်း နည်းဥပဒေမထုတ်နိုင်သေးတဲ့အတွက် ဆန္ဒပြချင်တဲ့သူတွေက ပူညံပူညံ ဖြစ်ခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ဒီဥပဒေတစ်ခုထုတ်မယ်ဆိုလို့ရှိရင် နည်းဥပဒေ တစ်ဆက်တည်း ထုတ်နိုင်ရင် ပိုအကောင်းဆုံးပါပဲ။ ပြုပြင်တာနှင့်တစ်ပြိုင်တည်း နည်းဥပဒေလည်းနောက်က တစ်ဆက်တည်းလိုက်ပြီးတော့ ပြုပြင်မယ့်ဆိုလို့ရှိရင်တော့ ဦးသိန်းဆွေ အဆိုတင်သွင်းသလိုပါပဲ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် လွှတ်တော်ကသတ်မှတ်တဲ့ ရက်အတွင်းမှာ နည်းဥပဒေများ ထွက်နိုင်မှာဖြစ်တဲ့အပြင် ဥပဒေကို ဥပဒေက အကာအကွယ်ပေးတဲ့ ပြည်သူလူထုဟာလည်း ဥပဒေရဲ့အကာအကွယ်ကို ရရှိကြမှာဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အချိန်တစ်နာရီပဲကျန်ပါတော့တယ်။ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဒီဥပဒေကို ဆွေးနွေးဖို့စီစဉ်တဲ့အခါမှာ အများကြီးပါလာပေမယ့်အချိန်ကိုငဲ့ညှာသောအားဖြင့် ခြုံငုံဆွေးနွေး သွားပါမယ်။ စောစောက ရွှေဘိုမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း ဥပဒေ နောက်က နည်းဥပဒေမပါတဲ့အခါမှာ မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေကို ပြန်ပြီးတော့ ဆယ်လို့ မရတော့ပါဘူး။ ဆယ်မရတဲ့ဟာကလည်း ကျွန်တော်တို့နိုင်ငံသားတွေရဲ့ ဒီဥပဒေရဲ့ကာကွယ်မှု မရရှိခြင်း၊ ဆုံးရှုံး ခြင်းလို့သတ်မှတ်ရမှာဖြစ်ပါတယ်။ လွှတ်တော်က ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်အားလုံးဟာ ဥပဒေပြဋ္ဌာန်းရေးအတွက် ပုဒ်မတွေတော့ အကျယ်တဝင့် မရှင်းလင်း တော့ပါဘူး။ အခက်အခဲအများကြီးကျော်လွှားနိုင်အောင် ပြည်သူ့အသံသိအောင်၊ ပြည်သူ့ဆန္ဒ သိအောင်၊ ပြည်သူ့အခက်အခဲသိအောင်စုံစမ်းပြီးတဲ့နောက် နည်းဥပဒေ၊ ဥပဒေများနှင့်အညီ အချိန်ကာလတော်တော်ယူပြီးတော့ ကြိုးစားလုပ်ကိုင်ကြတဲ့ အကြောင်းလည်း အကျဉ်းချုပ်ပဲ တင်ပြပါ့မယ်။ စောစောကပြောသလို ၂၀၁၁ ခုနှစ်မှာ ဥပဒေ ၁၅ ခုထွက်တယ်။ ထွက်လာတဲ့ အထဲမှာ ၁၅ ခုထဲမှာ အချို့လည်းပဲနည်းဥပဒေမလိုလို့မထွက်ခဲ့တာလည်းရှိပါတယ်။ နည်းဥပဒေ လိုရဲ့သားနဲ့ ထွက်မလာတဲ့အကြောင်းလေးတွေ အသေးစိတ်တင်ပြမနေတော့ဘဲနဲ့ ပညာရေး နှင့်ပတ်သက်တဲ့ဥပဒေတွေ၊ နည်းဥပဒေတွေမထွက်တဲ့အတွက် ဒီကနေ့ ကိုယ်ပိုင်ကျောင်း ဥပဒေဟာ နည်းဥပဒေနောက်ကျတဲ့အတွက် ကာလနဲ့ခြုံကြည့်လိုက်တဲ့အခါမှာ ကျောင်းသားတွေ အပ်ပြီးတဲ့အခါကျမှ ကျောင်းရဲ့လိုင်စင်ထုတ်ပေးမယ်ဆိုတာမျိုး၊ အချိန်ကာလကိုမအုပ် မိဘဲနဲ့ ဖြစ်သွားတာမျိုးတွေတွေ့ကြုံရပါတယ်။ အလားတူပဲ လယ်ယာမြေဥပဒေမှာလည်း စောစောက ကိုယ်စားလှယ်တင်ပြတဲ့အတိုင်း ဥပဒေရဲ့ခံစားခွင့်တွေ၊ ဥပဒေရဲ့ကာကွယ်ခွင့်တွေ ဥပဒေနှင့် အညီလုပ်လို့မရတဲ့အကြောင်းအချက်တွေအမျိုးမျိုးပေါ်ပေါက်ပါတယ်။ အလားတူပဲ စီးပွားရေး နှင့်ပတ်သက်တာ လောလောဆယ်မှာ ကျွန်တော်တို့ ဒီလွှတ်တော်မှာတင်ပြထားတဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေလိုမျိုး၊ ဒါမျိုးဆိုတာမကြာသင့်တဲ့အကြောင်းလည်း အားလုံးသိပါတယ်။ သို့သော်လည်း သေချာအောင်စိစစ်ပြီးတော့မှ ကော်မတီတွေအဆင့်ဆင့်နှင့် ဥက္ကဋ္ဌကြီး ကိုယ်တိုင် ပြည်သူကြားထဲမှာ ပြည်သူ့အသံကိုနားထောင်ရင်း ပြည်သူ့အခက်အခဲကိုဖြေရှင်းမယ်ဆိုတဲ့

စိတ်ဓာတ်နဲ့ လုပ်ခဲ့ကြတဲ့ ဥပဒေဟာလည်း ပြည်သူ့လွှတ်တော်ကတော့ ပြီးသွားပါပြီ။ အမျိုးသားလွှတ်တော်မှာအတည်ပြုပြီးတော့ ပြည်ထောင်စုမှာ အတည်ပြုပြီးတဲ့နောက် စောစောက ဦးအောင်သန်း ဆွေးနွေးသွားသလို တစ်ဆက်တည်းနည်းဥပဒေပါထွက်သွားမယ်ဆိုရင် မြန်မာနိုင်ငံဟာ မြန်မြန်တိုးတက်မယ်။ မှန်မှန်ကန်ကန်လုပ်ဖို့အချိန်ယူခဲ့ကြပေမယ့် မြန်မြန်ဆန်ဆန်လုပ်ရမယ့်ကာလကိုရောက်နေပါပြီ။ ဒါမှသာလျှင် အရှိန်အဟုန်နဲ့မြှင့်ပြီးတော့ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကျဉ်းချုပ်အားဖြင့်တင်ပြရလို့ရှိရင် နိုင်ငံသားများနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက်လိုအပ်တဲ့ဥပဒေ၊ နိုင်ငံသားများကိုကာကွယ်ပေးမယ့်ဥပဒေ၊ ဒီအကျိုးစီးပွားကိုဖြစ်မြောက်အောင်ပံ့ပိုးနိုင်မယ့်ဥပဒေတွေကို လွှတ်တော်ကအားကြိုးမာန်တက်လုပ်ကိုင်နေကြတဲ့အချိန်၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများကလည်း ဒါတွေကိုမြန်မြန်ဆန်ဆန်ပြီးအောင် နည်းဥပဒေကို အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေ အဆိုပြုထားတာထက်စောပြီးလို့ရှိရင် ကောင်းပါတယ်ဆိုတာ ကျွန်တော့်အနေနဲ့တင်ပြရင်းနှင့် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေရဲ့အဆိုကို ကျွန်မအနေနှင့်လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးတစ်ခုပြီးတိုင်းပြီးတိုင်း ကျွန်မတို့က မဲဆန္ဒနယ်ပြည်သူတွေနှင့် တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ကျွန်မတို့က လွှတ်တော်မှာ ပြုထားတဲ့ ဥပဒေတွေ ပြင်ဆင်ထားတဲ့ဥပဒေတွေ ထပ်မံအသစ်ပြဋ္ဌာန်းထားတဲ့ ဥပဒေအကြောင်းတွေကို ထည့်သွင်းရှင်းလင်းခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ပြည်သူတွေက လွှတ်တော်မှာပြုနေတဲ့၊ ပြင်နေတဲ့ ဥပဒေတွေဟာ သူတို့တွေဆီကိုမရောက်လာသေးဘူး ဘယ်တော့ရောက်လာခံစားရမှာလည်းလို့ မေးလာကြပါတယ်။ မှန်လည်းမှန်ပါတယ်ရှင်။ ပြောင်းလဲမှုတွေသူတို့ရဲ့ ဘဝတွေကို လက်တွေ့ မခံစားရတော့ ကျွန်မတို့လွှတ်တော်မှာ အပင်ပန်းခံ အကျိတ်အနယ်ပြောဆို ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချအတည်ပြုထားသော ဥပဒေများမှာ နည်းဥပဒေတွေ မထွက်လာသေးလို့ အဲဒီဥပဒေတွေကို အကောင်အထည်ဖော်အသုံးမချနိုင်သေးဘဲ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ လွှတ်တော်သက်တမ်း တစ်နှစ်ခွဲကျော်လို့ နှစ်နှစ်အတွင်း ဝင်ရောက်လာခဲ့ပေမယ့် ပြည်သူတွေ မျှော်လင့်တောင့်တနေသော လွတ်လပ်သောဒီမိုကရေစီအရသာဟာ ရောင်ခြည်လေး ပေါက်ဖွားကာစလေးပဲမြင်နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကနေ ရွေးကောက် တင်မြှောက်ထားတဲ့ နိုင်ငံတော်သမ္မတရဲ့ ၂၀၁၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့က နိုင်ငံတော်သမ္မတရုံးမှာ ကျင်းပသည့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် သမ္မတက ယခုအခါ ဒုတိယအဆင့် မဟာဗျူဟာ ပြုပြင်ပြောင်းလဲမှုဖြင့် ပြည်သူတို့၏ လူမှုစီးပွားရေး ဘဝတိုးတက်မြင့်မားစေရန် ထိရောက်သော ပြည်သူအကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုသော လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသအလိုက်၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက် စေရန်လည်းကောင်း၊ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း ဆက်လက်အကောင် အထည်ဖော် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်းကို မိန့်ကြားသွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတအနေနဲ့ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ ရယ်လို့ ဩဝါဒပေးခဲ့ပေမယ့် ဒီစကားစုဟာ မှတ်တမ်းအနေနဲ့ပဲရှိနေခဲ့ပြီး အကောင်အထည် မပေါ်သေးဘူးလို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ကျွန်မတို့လွှတ်တော်ရဲ့ ကြိုးပမ်းမှု၊ နိုင်ငံတော်သမ္မတရဲ့ မေတ္တာစေတနာတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တို့ကို ထောက်ရှုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီးတဲ့ဥပဒေနှင့် သက်ဆိုင်သော နည်းဥပဒေများကို သတ်မှတ်ချိန်အတွင်း အချိန်မီ ထုတ်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း အလေးအနက်ပြောကြားရင်းနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမ်းမဲဆန္ဒနယ်က

ဦးသိန်းဆွေရဲ့အဆိုကို အနည်းငယ်မျှသော အထောက်အပံ့ဖြစ်စေရရှိစေခြင်းအတွက် အကျဉ်းမျှ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူသားများ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာချိန်မှစပြီး တစ်ဦးနှင့်တစ်ဦး၊ အစုအဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြောင်း အချင်းအရာတစ်ခုကို နားလည်မှုသဘော ပါဝင်တဲ့ စည်းကမ်းသတ်မှတ်ချက် ပြုကျင့်ထားရှိရာမှ ယနေ့ ဥပဒေဆိုတာ ပေါ်ပေါက်လာရခြင်းဖြစ်တယ်လို့ ဖတ်ရှုလေ့လာရခဲ့ဖူးပါတယ်။ အဲဒီကမှ အဆင့်ဆင့် ကမ္ဘာ့နိုင်ငံများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာ ရေးဆွဲပြဋ္ဌာန်းပေါ်ပေါက်လာကြရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ပြည်သူနှင့်အုပ်ချုပ် သူအကြားမှာထားရှိတဲ့ ပဋိညာဉ်တစ်ရပ်ဖြစ်ကြောင်း အစိုးရ လုပ်ပိုင်ခွင့်အာဏာကို ပိုင်းဖြတ်ထားခြင်း၊ ထိန်းကျောင်းထားခြင်းဖြစ်ကြောင်း ပြည်သူများရဲ့ အခွင့်အရေးနဲ့ အုပ်ချုပ်သူအစိုးရတို့ရဲ့ လုပ်ပိုင်ခွင့် တို့ကို သတ်မှတ်ပေးသည့် ကိရိယာဖြစ်ကြောင်း စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုကြတာကိုလည်း လေ့လာဖတ်ရှုခဲ့ရဖူးပါတယ်။ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စည်းမျဉ်း မူဘောင်ကနေပြီး လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်း ရေးဆွဲကြရခြင်းဖြစ်ပါတယ်။ ပြဋ္ဌာန်းရေးဆွဲလိုက်တဲ့ ဥပဒေအရ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်ကြရပါတယ်။ နည်းဥပဒေဆိုတာကတော့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ရပ်ကို မလွဲမချော်ရစေဖို့ သက်ဝင် လှုပ်ရှားလာစေဖို့ စနစ်တကျမည်သို့ ဆက်လက် ပြုကျင့်ရမယ်ဆိုတဲ့ နည်းလမ်းကို ဖော်ပြပြဋ္ဌာန်းရေးဆွဲရခြင်းဖြစ်ပါတယ်။ ဒါကြောင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ဟာ မည်မျှအရေးကြီးကြောင်း သိရှိကြပြီးလည်း ဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသုံးရပ်မှာ ဥပဒေပြုရေး အာဏာကို လွှတ်တော်က အဓိက တာဝန်ယူထမ်းဆောင်နေကြရတဲ့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဟာ ကြိုးစားပမ်းစား မိမိတို့ကျွမ်းကျင်နှံ့စပ်ရာ ကျင်လည်ဖြတ်သန်းရာ ဘဝကို အခြေခံပြီး တတ်အား သရွေ့ လိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနေကြပါတယ်။ သို့သော်လည်း မိမိတို့ လွှတ်တော်က လွှတ်တော်သက်တမ်း ၁၉ လ ကာလခန့်မှာ အတည်ပြုပြင်ဆင် ရေးဆွဲပြဋ္ဌာန်း လိုက်ကြတဲ့ ဥပဒေအများစုတို့ဟာ သက်ဝင်လှုပ်ရှားအကျိုးသက်ရောက်မှုအားနည်း နေကြသေးတာကို သိရှိကြမှာလည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ သက်ဆိုင်ရာ ဥပဒေအပေါ် နည်းဥပဒေရေးဆွဲပြဋ္ဌာန်းပေးပို့ တင်ပြထုတ်ပြန်မှုအချိန်ကာလ နှောင့်နှေးကြန့်ကြာမှု တစ်ခုကြောင့်လို့လည်း သုံးသပ်ရရှိပါတယ်။ ဥပမာအားဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄-၉-၂၀၁၁ ရက်နေ့မှာ စတင် ဆွေးနွေးခဲ့ပြီး ၂၄-၂-၂၀၁၂ ရက်နေ့မှာ

၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)အဖြစ် ထုတ်ပြန်လိုက်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၁၂) ဖြင့် ၆-၇-၂၀၁၂ ရက်နေ့မှာမှ နည်းဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဥပဒေပြဌာန်းပြီးကာလနှင့် နည်းဥပဒေပြဌာန်းတဲ့အချိန်ကာလ ကြာမြင့်ချိန်အားဖြင့် ရက်ပေါင်း ၁၃၄ ရက် ကြာမြင့်ခဲ့ပါတယ်။ ၎င်းရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေဟာ နိုင်ငံတစ်ဝန်းပြည်သူများ အထူးစိတ်ပါဝင်စားစောင့်ကြည့်လေ့လာခဲ့ရတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ ထို့အပြင် အခြားသောဥပဒေများ ဖြစ်ကြတဲ့ ၂-၁၂-၂၀၁၁ ရက်စွဲဖြင့် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၄) ဖြင့် ထုတ်ပြန်ပြဌာန်းလိုက်တဲ့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေဟာ ပညာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာ စာအမှတ် (၁/၂၀၁၂) ဖြင့် ၃၀-၄-၂၀၁၂ ရက်နေ့မှာမှ နည်းဥပဒေကို ပြဌာန်းထုတ်ပြန်နိုင်ခဲ့ခြင်းအားဖြင့် အချိန်ကာလအားဖြင့် ရက်ပေါင်း ၁၅၁ ရက် ကြာမြင့်ခဲ့ပါတယ်။ ထို့အပြင် ၃-၁၀-၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးခဲ့ပြီး ၂-၁၂-၂၀၁၁ ရက်စွဲဖြင့် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၅) ဖြင့် ထုတ်ပြန်ပြဌာန်းခဲ့သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃၆၄/၂၀၁၂) ဖြင့် ၅-၇-၂၀၁၂ ရက်နေ့မှာမှ နည်းဥပဒေကို ထုတ်ပြန်နိုင်ခဲ့ခြင်းအားဖြင့် အချိန်ကာလအားဖြင့် ရက်ပေါင်း ၂၁၇ ရက် ကြာမြင့်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ နှင့်အညီ အာဏာ တည်ခဲ့ပြီးသော ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဌာန်းရေးဆွဲခဲ့သော အချို့သော ဥပဒေများတို့ သည်လည်း သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများတို့က နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ဆောလျင်စွာ ရေးဆွဲပြဌာန်းပေးပို့နိုင်ခြင်းမရှိ အချိန်ကြာလျက်ပင် ရှိနေကြပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပြဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ ပြဌာန်းရေးဆွဲထုတ်ပြန်ပေးပို့ရာမှာ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းများတို့အနေနဲ့ အခြေအနေ၊ အချိန်ကာလတို့အရ ခက်ခဲကြန့်ကြာမှုရှိတတ်ကြမှာ ဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း အရေးကြီး သည့်ဥပဒေ လုပ်ထုံးလုပ်နည်းများ သွက်လက်မြန်ဆန်ထိရောက်စွာ လုပ်ငန်းပြီးမြောက်စေဖို့ အကြံပြု တင်ပြလိုတာကတော့ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်း ဝန်ကြီးဌာနများနှင့် ရှေ့နေချုပ်ရုံးများ မှာ ကျွမ်းကျင်ဝန်ထမ်းများ လုံလောက်စွာ ခန့်ထားခြင်း၊ အခြားသော တတ်သိဥပဒေပညာရှင်များ နှင့် လိုအပ်သလို ချိန်ဆက်ဆွေးနွေးတိုင်ပင်ခြင်း၊ ကောင်းမွန်ထိရောက်သော စီမံခန့်ခွဲကြီးကြပ်မှု

လိုအပ်ခြင်း စနစ်တကျ စီမံချက်ချမှတ်ဆောင်ရွက်ခြင်း စသည်ဖြင့် ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် လွှတ်တော်က သတ်မှတ်တဲ့ရက်အတွင်း ဆောလျင်စွာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌ က ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။ သို့မှသာ ပြည်သူလူထုများတို့က ပြီးပြည့်စုံသော ဥပဒေ၊ နည်းဥပဒေများကို ဆောလျင်စွာ သိရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေအရ ပြုသည့် နည်းဥပဒေများအား ပြည်ထောင်စုအဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ လွှတ်တော်က သတ်မှတ်သည့်နေ့ရက်အတွင်း ထုတ်ပြန်ရန် လိုအပ်ပါကြောင်း အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေရဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သပါတယ်။ မင်္ဂလာပါဟု နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ သမ္မတလက်မှတ် ရေးထိုးထုတ်ပြန်သော အမိန့်များကို ရက်ပေါင်း ၉၀ အတွင်း အကောင်အထည်ဖော်ရန် တိုက်တွန်းသောအဆိုကို ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဟာ သက်တမ်းအားဖြင့် တစ်နှစ်ခွဲကျော်ခန့်ရှိခဲ့ပါပြီ။ ထိုကာလအတွင်း ပြည်သူ့အတွက် လိုအပ်သော ဥပဒေများစွာ၊ အဆိုများစွာ၊ တိုက်တွန်းမှုများစွာ ထုတ်ပြန်ခဲ့ပါတယ်။ ထိုသို့အဆိုများ၊ ဥပဒေများကို အကောင်အထည်ဖော်နိုင်ဖို့လည်း ရေးရာကော်မတီများ အသီးသီးဖွဲ့ပြီး လုပ်ဆောင်ခဲ့ပါတယ်။ လွှတ်တော်ရဲ့လုပ်ရပ်များဟာ အလွန်အားရဖွယ်ရာ၊ ကျေနပ်ဖွယ်ရာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ အချိန်သာကြာခဲ့သော်လည်း လုပ်ငန်းအကောင်အထည်ဖော်မှုဟာ အလွန် အားနည်းတာကိုတွေ့ရပါတယ်။ တနည်းအားဖြင့် ဥပမာပြရရင် ချောတိုင်တက်သလိုပါဘဲ။ အပေါ် တက်ပေမယ့် အောက်ကိုလျှောကျနေတဲ့သဘော ဖြစ်နေပါတယ်။ ဘေးကကျွန်တော်တို့ကို ဆွတ်ခူးဖို့လုပ်ချိန်မှာ အောက်လျှောကျသွားတဲ့အတွက်

အားမလိုအားမရ ဖြစ်နေကြရပါတယ်။ အဲဒီအထဲက အရေးကြီးတဲ့အချက် ၃ ချက်လောက်ကို ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ (၁) အချက်ကတော့ အုပ်ချုပ်ရေးမှူးကိစ္စ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးကိစ္စတွေမှာ ပြည်သူတို့ဆန္ဒနဲ့ မကိုက်ညီဘဲ ယခင် အုပ်ချုပ်ရေးမှူးအဟောင်းအတိုင်းသာ တည်ရှိနေပါတယ်။ ပြည်သူတို့ မကြိုက်သော ယခင်စနစ် အတိုင်း အုပ်ချုပ်သူအာဏာပိုင်တို့က ရွေးချယ်သောသူများသာ ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်ပြီး အုပ်ချုပ် နေပါတယ်။ အုပ်ချုပ်ရေးမှူးစည်းမျဉ်းဥပဒေပါတဲ့ အချက်အလက်များနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေ ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကချမှတ်တဲ့ အုပ်ချုပ်ရေးမှူး ဥပဒေနှင့်ကိုက်ညီစွာဖြစ်ဖို့ လိုအပ် နေပါကြောင်း တွေ့ရှိပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်သူ့အကျိုး ဦးထိပ်ထားရင် ဒီကိစ္စဟာ လွယ်ကူစွာ အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ အုပ်ချုပ်ရေးကိစ္စမှာ အခြား ညွှန်ကြားချက်တွေ ဆုံးဖြတ်ချက်တွေရှိခဲ့ပါတယ်။ အကောင်အထည်ဖော်လိုတဲ့ ရှေးအစဉ်အလာ စိတ်ကိုစွဲပြီး အကောင်အထည် မဖော်ကြတာကို ဝမ်းနည်းစွာ တွေ့နေရပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးကိစ္စတွေမှာ ရှေးရိုးစွဲ၊ ပါတီစွဲ၊ ဝါဒစွဲတွေ ပယ်ဖို့၊ အစိုးရအမှုထမ်းတွေရဲ့ စိတ်ထားကို ပြင်ဖို့လိုနေကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်ကတော့ လယ်သမားအရေး၊ လယ်ယာမြေအရေးကိစ္စဖြစ်ပါတယ်။ ကျွန်တော် တို့ပြည်သူတွေဟာ တပ်မတော်ကို ချစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တပ်မတော်သားများဟာ ပြည်သူကမွေးထုတ်ပေးထားတဲ့ သားသမီးတွေဘဲ။ ပြည်သူနှင့် တပ်မတော်၊ တပ်မတော်နှင့် ပြည်သူ ခွဲခြားလို့မရနိုင်ပါဘူး။ ပြည်သူက သားသမီးလို တပ်မတော်ကို ချစ်ပါတယ်။ တပ်မတော်က လိုတယ်ဆိုရင် ပြည်သူတွေက လယ်တွေ ယာတွေကို ပေးဖို့အသင့်ပါ။ တကယ်လို့ အသုံးလိုလို့ လယ်ယာသိမ်းတာတွေကို ပြည်သူတွေက ကျေနပ်ပါတယ်။ ဒါပေမဲ့ အမြင်မကောင်းအောင် လိုအပ်တာထက် အလွန်ပိုမိုသိမ်းခဲ့တာတွေကိုတော့ ပြည်သူကိုနစ်နာစေခဲ့ပါတယ်။ ဆိုလိုတာက ပိုလျှံသိမ်းထားတဲ့လယ်တွေကို မူရင်းလယ်သမား မူလပိုင်ရှင်များကို အငှားချခေါင်းပုံဖြတ်နေတာတွေကိုတော့ လယ်သမားပြည်သူက ရင်ထဲမှာ ငိုရှိုက်သံနှင့် ကြည့်နေကြ၊ လုပ်ကိုင်နေကြရပါတယ်။ ပွဲကကြည့်မကောင်းပါဘူး။ ဒါ့ကြောင့် တပ်မတော်က လိုတာကိုသိမ်းယူပြီး မလိုတာ ပိုတဲ့လယ်ယာတွေကို မူရင်းလယ်သမားများကို ပြန်ပေးဖို့ လိုပါတယ်။ ထို့အတူ အခြားသော အုပ်ချုပ်ရေးဌာနအတွက်နှင့် အခြားပုဂ္ဂလိကကုမ္ပဏီများ ပေါင်းပြီး

သိမ်းထားကြတဲ့ လယ်မြေတွေကိုလည်း မူရင်းလယ်သမားအကျိုးအတွက် ပြန်လည်ပေးသင့်ပါတယ်။ တလောက လယ်ယာမြေသိမ်းခြင်းသည် ဥပဒေအရဖြစ်သည်ဟု ဝန်ကြီးဖြေကြားချက်ကို ကြားခဲ့ရပါတယ်။ ဒါကိုကျွန်တော်တို့လက်ခံပေမဲ့ ပိုပြီးသိမ်းတာတွေကိုပါ တရားဝင်တယ်ဆိုရင်တော့ ပြည်သူတွေက လက်ခံမှာမဟုတ်ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ကတော့ ငြိမ်းချမ်းရေးကိစ္စပါ။ တိုင်းပြည်အတွက် အရေးကြီးသောကိစ္စပါ။ နိုင်ငံတော်သမ္မတက လွှတ်ငြိမ်းချမ်းသာခွင့်အပါအဝင် နိုင်ငံမှာငြိမ်းချမ်းရေးရဖို့ကို ကြိုးပမ်းခဲ့ပါတယ်။ အမိန့်လည်းထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်အထိ ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေးအလင်းရောင် မမြင်ရသေးပါ။ လွတ်လပ်ရေးရပြီးချိန်မှ။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းအောင်ခင်ဗျာ။ ဆွေးနွေးတဲ့အဆိုခေါင်းစဉ်နဲ့ ကိုက်ညီအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တင်ပြသွားတဲ့ဆွေးနွေးမှုတွေဟာ ဦးတင်ထွတ် ဇလွန်မဲဆန္ဒနယ်က ဆွေးနွေးတဲ့ ကိုယ်စားလှယ်ပေါင်း ၄၆ ယောက်ဆွေးနွေးပြီးလို့ အဖြေရှာဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အခုဆက်ပြီးတော့ တင်ပြမယ့် ငြိမ်းချမ်းရေးကိစ္စကလည်း ဒီအဆိုခေါင်းစဉ်နဲ့ မသက်ဆိုင်ပါဘူး။ ဆက်လက်ဆွေးနွေးဖို့ လိုအပ်တယ်လို့ ယူဆလို့ရှိရင် အဆိုခေါင်းစဉ်နဲ့ သက်ဆိုင်တာပဲ ဆွေးနွေးပေးဖို့ သတိပေးပြောကြားလိုပါတယ်။ (ဩဘာသံများ)

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့၊ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ခုန ကျွန်တော်ကတော့ ဆန္ဒစောလို့ ဒီအဆိုတွေကို ပြောခဲ့ခြင်းဖြစ်ပါတယ်။ ဒီဦးသိန်းဆွေရဲ့ ရက်ပေါင်း ၉၀ အတွင်း ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်အနည်းငယ်သာ ဖြစ်ပါတယ်။ ဒါကြောင့် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေရဲ့ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးပြီး ထုတ်ပြန်သည့်အမိန့်တွေကို ရက်ပေါင်း ၉၀ အတွင်း အကောင်အထည်ဖော်ရန် နိုင်ငံတော်အဖွဲ့အစည်းများသို့ တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆွေးနွေးရန် အမည်စာရင်းပေးထားတဲ့ ဒေါ်တင်နွယ်ဦး ခွင့်ယူထားတဲ့အတွက် သူ့ကိုယ်စားတာဝန်ပေးထားတဲ့ပုဂ္ဂိုလ်လက်ထဲမှာရှိရင် ဆွေးနွေးနိုင်ပါတယ်။ မရှိပါက ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော့် အနေနဲ့ ကျွန်တော့်အရှေ့ကလည်းကိုယ်စားလှယ်တွေက ပြည့်ပြည့်စုံစုံဆွေးနွေးသွားတော့ လိုအပ်တာလေးပဲကျွန်တော် ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့၊ ဩဂုတ်လ ၁၀ ရက်နေ့က သယ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်ရဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်တဲ့ မေးခွန်းကို ပြည်ထောင်စုအဆင့် သက်ဆိုင်ရာတာဝန်ရှိသူပုဂ္ဂိုလ်က လာရောက်ဖြေကြားပါတယ်။ ဒီဖြေကြားချက်တွေဟာ ၂၇-၁-၂၀၁၁ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကထုတ်ပြန်ခဲ့တဲ့ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေနှစ်ခုအပေါ်မှာမူတည်တယ်။ အဲ့ဒီအတိုင်းပဲ ဆက်လက်လုပ်နေတယ်ဆိုပြီးတော့ ပြောသွားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဆိုတဲ့ ဥပဒေကြီးနှစ်ရပ်ဟာ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ကျင်းပတဲ့ ၃၁-၁-၂၀၁၁ ရက်နေ့မတိုင်မီ ၄ ရက်အလိုလေးမှာမှ တင်သွင်းသွားတဲ့ဥပဒေနှစ်ရပ်ဖြစ်ပါတယ်။ အဲ့တော့ ဒီဥပဒေနှင့်ပတ်သက်တဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေဟာ ၁၈ လကြာမြင့်ပြီဖြစ်တဲ့အထိ ပြည်သူ့လွှတ်တော်ကိုလည်း ရောက်ရှိမလာသေးပါဘူး။ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲတဲ့ဥပဒေမဟုတ်လို့ဘဲ ဒီကိုမပေးတာလားဆိုတာကိုတော့မသိပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်း ဆိုတဲ့စီမံကိန်းကြီးဟာ ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံအထိကြီးမား ပါတယ်။ ဒီစီမံကိန်းကြီးဟာ မြန်မာနိုင်ငံအတွက်သာမဟုတ်ပါဘူး။ ASEAN နယ်ပယ်အသိုင်းအဝိုင်း မှာရှိတဲ့ ကုန်သွယ်မှုလမ်းကြောင်း၊ စီးပွားရေးလမ်းကြောင်းတွေကို ပြောင်းလဲသွားတဲ့အတွက်ကြောင့် ဒေသဆိုင်ရာအတွက်ပါ အလွန်အရေးကြီးတဲ့စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ အဲ့တော့ ဒီစီမံကိန်းကြီးနှင့်ပတ်သက်လာတဲ့နည်းဥပဒေတွေကို ရှင်းရှင်းလင်းလင်းမသိရသေးတဲ့အခါ ကျွန်တော်တို့နှင့် အကောင်အထည်ဖော်နေတဲ့အစိုးရအဖွဲ့ကြားထဲမှာ Transparency တွေက လွတ်နေတဲ့သဘော ရှိပါတယ်။ ဒါနဲ့ကြောင့် မေးတဲ့မေးခွန်းကို မက်စ်မြန်မာကုမ္ပဏီဟာ ၂၅ ရာခိုင်နှုန်းပူးပေါင်းပါဝင်ဆောင်ရွက်နေတယ်လို့သိရပါတယ်။ ဒီ ၂၅ ရာခိုင်နှုန်းကဘာကိုဆိုလိုသလဲ။ အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံရဲ့ ၂၅ ရာခိုင်နှုန်းဆိုရင် မက်စ်မြန်မာကုမ္ပဏီရဲ့ပါဝင်မှုဟာ ၂ ဘီလီယံကျော်ဖြစ်မှာပါ။ အဲ့တော့ ဒီဟာတွေကမရှင်းမရှင်းဖြစ်ရခြင်းဟာ ဥပဒေထုတ်ပြီးတော့ သက်ဆိုင်ရာနည်းဥပဒေတွေကို ဆင့်ကဲဆင့်ကဲအချိန်မီမထုတ်ပေးတဲ့အခါ ရောထွေးယှက်တင်အတွေးအခေါ်တွေ၊ ရှုပ်တာတွေဖြစ်သွားပါမယ်။

ဒါနဲ့ကြောင့် ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် စီးပွားရေးကော်မတီ နှစ်ရပ်ကိုဒီကိစ္စဟာ မက်စ်မြန်မာကုမ္ပဏီကထွက်သွားတဲ့အတွက်ကြောင့် ဘယ်လိုမြန်မာနိုင်ငံအတွက် Impart ရှိတယ်ဆိုတာကိုလေ့လာပြီး ပြန်ပြီးတော့တင်ပြဖို့အထိ ကျွန်တော်တို့ကိုညွှန်ကြားခြင်းဟာ ဒီဥပဒေ၊ နည်းဥပဒေတွေကို အချိန်မီရှင်းရှင်းလင်းလင်း ထုတ်ပြန်ခြင်းမပြုခြင်းကြောင့်ပဲဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေရဲ့အဆိုကို ကျွန်တော် လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

## ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ ဒေါ်တင်နွယ်ဦးအဆိုနှင့်ပတ်သက်ပြီးတော့ တစ်ဦးကိုတာဝန်လွှဲပေးခဲ့တာရှိရင် ဆွေးနွေးပါ။ မရှိဘူးဆိုလို့ရှိရင်တော့ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော် ကြီးများအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ အဆိုနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် ဒုတိယရှေ့နေချုပ်မှ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဥပဒေတစ်ရပ်မှာ ဒီဥပဒေကို အကောင်အထည် ဖော်ဖို့လိုအပ်တဲ့ အဓိကအချက်တွေကိုသာ ဖော်ပြလေ့ရှိပြီးတော့ အသေးစိတ်အချက်တွေကို ဖော်ပြလေ့မရှိပါဘူး။ ဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဆောင်ရွက်ရမယ့် အသေးစိတ် အချက်အလက်တွေကို နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များထုတ်ပြန်ပြီးတော့ ဆောင်ရွက်လေ့ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ မှာ ပြည်ထောင်စု လွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်ခွင့်အပ်နှင်းနိုင်ကြောင်း ပုဒ်မခွဲ(က)မှာ ပြဋ္ဌာန်းထားပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် အာဏာပိုင်တွေကို အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ခွင့် အပ်နှင်းနိုင်ကြောင်း ပုဒ်မခွဲ(ခ)မှာ ပြဋ္ဌာန်း ထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉ မှာလည်း

အလားတူပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ အထက်ပါကဲ့သို့ သက်ဆိုင်ရာအဆင့် အဖွဲ့အစည်းများက နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဥပဒေများပြဋ္ဌာန်းခြင်းဟာ တိုက်ရိုက်ဥပဒေပြုခြင်း (Direct Legislation) ဟုခေါ်ဆိုပါသည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဆောင်ရွက် ရမယ့် အသေးစိတ်အချက်များကို နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ကြောင်း ပင်ရင်းဥပဒေများမှာ ပြဋ္ဌာန်းလေ့ ရှိပါတယ်။ ဒီလိုနည်းဥပဒေ စည်းမျဉ်း စည်းကမ်းတွေ ထုတ်ပြန်ခြင်းဟာ တစ်ဆင့်ခံဥပဒေပြုခြင်း (Indirect or Subordinate Legislation) ဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေတစ်ရပ်အတွက် လိုအပ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းတွေ ထုတ်ပြန်နိုင်ကြောင်း ဒီဥပဒေတွေမှာ ပြဋ္ဌာန်းထားသော်လည်း ဒီနည်းဥပဒေတွေကို လိုအပ်တဲ့အခါမှသာ ထုတ်ပြန်ဆောင်ရွက်လေ့ရှိပါတယ်။ ဥပဒေမှာ နည်းဥပဒေထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းဟာ လိုအပ်တဲ့အခါ ထုတ်ပြန်နိုင်ဖို့ ရည်ရွယ်ထားခြင်းဖြစ်တဲ့အတွက်ကြောင့် အချို့ ဥပဒေတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နည်းဥပဒေမလိုအပ်တဲ့ အတွက်ကြောင့် ထုတ်ပြန်ခြင်းမရှိဘဲနဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် တို့နဲ့သာ ထုတ်ပြန်ပြီး ဆောင်ရွက်တာ တို့ရှိပါတယ်။ ဒီလိုဆောင်ရွက်တာဟာ သက်ဆိုင်ရာဥပဒေ တစ်ရပ်ခြင်းရဲ့အကြောင်း အရာအလိုက် ဆီလျော်သလို ဆောင်ရွက်ရတဲ့ ကိစ္စရပ်များလည်း ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ တည်ဆဲဥပဒေတွေအနက် နည်းဥပဒေထုတ်ပြန်ခြင်းမရှိတဲ့ ဥပဒေများစွာရှိပါတယ်။ လွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့တဲ့ Penal Code တို့ The Arms Act တို့ ပါလီမန်ခေတ်က ပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၅ ခုနှစ် ကလေးသူငယ်များအက်ဥပဒေ၊ ၁၉၅၈ ခုနှစ် မသန်မစွမ်း ဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေတို့၊တော်လှန်ရေးကောင်စီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေတို့၊ ၁၉၆၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေတို့၊ ပြည်သူ့လွှတ်တော်ခေတ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပိုင်နက် ပင်လယ် နှင့်ပင်လယ်ဇုန်များဥပဒေ၊ လောင်းကစားဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ နိုင်ငံတော်

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေစတဲ့ ဥပဒေများဟာ နည်းဥပဒေထုတ်ပြန်ခဲ့ခြင်းမရှိတဲ့ဥပဒေတွေပဲဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၃ (ခ)အရ ဥပဒေတစ်ရပ်ရပ်မှာ ယင်းဥပဒေအာဏာတည်တဲ့နေ့ရက်ကို အတိအလင်း သတ်မှတ်ထားခြင်းမရှိလို့ရှိရင် ထုတ်ပြန်ကြေညာတဲ့နေ့ရက်မှ စတင်အာဏာတည်ရမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်နှင့် သက်ဆိုင်တဲ့နည်းဥပဒေကို ထုတ်ပြန်နိုင်ခြင်းမရှိတဲ့အတွက် ပြည်သူလူထုအနေနဲ့ဥပဒေရဲ့အကာအကွယ်၊ ဥပဒေရဲ့အခွင့်အရေးတွေ မခံစားရဘဲနဲ့ မလိုလားအပ်တဲ့ပြဿနာနှင့် အခက်အခဲတွေကြုံတွေ့နေရတယ်ဆိုတဲ့ အချက်နှင့်စပ်လျဉ်းပြီးတော့ နည်းဥပဒေထုတ်ပြန်နိုင်ခြင်း မရှိစေကာမူ ဥပဒေဟာ အာဏာတည်တာပဲဖြစ်ပါတယ်။ ယင်းဥပဒေ၏ အကာအကွယ်၊ ဥပဒေပါ အခွင့်အရေးတွေကို ရရှိခံစားရမှာပဲဖြစ်ပါတယ်။ အကြောင်းမှာ နည်းဥပဒေထုတ်ပြန်နိုင်ခြင်းမရှိတဲ့ အတွက်ကြောင့် ဥပဒေဟာ အာဏာမတည်ဘူးလို့ ဆိုလို့မရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၇ ပုဒ်မခွဲ (က)မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေအရပြုတဲ့ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပတဲ့ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလမှာ လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုတဲ့ အစီအစဉ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမယ်ဟုလည်းကောင်း၊ ပုဒ်မခွဲ (ခ)မှာ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ဟာ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ဖြန့်ဝေတင်ပြသည့်ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၇ ပုဒ်မခွဲ (က) နှင့် (ခ) တို့မှာလည်း အမျိုးသားလွှတ်တော်မှာ ဒီလိုဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ခြုံပြီးတော့သုံးသပ်မယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတိုင်းအတွက် နည်းဥပဒေထုတ်ပြန်ဖို့ လိုအပ်တယ်လို့ တစ်ထစ်ချဆိုနိုင်မှာမဟုတ်ဘဲ ပင်ရင်းဥပဒေ၏ အကြောင်းအရာအလိုက် လိုအပ်တဲ့အခါမှသာ နည်းဥပဒေ ထုတ်ပြန်ဖို့ဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များမှာ Letters of Law အရ နည်းဥပဒေကို ထုတ်ပြန်ရမယ်လို့ သုံးနှုန်းခြင်းမပြုဘဲနဲ့ ထုတ်ပြန်နိုင်တယ်လို့ သုံးနှုန်းတာတွေ့ရမှာဖြစ် ပါတယ်။ နည်းဥပဒေထုတ်ပြန်ရန် မလိုအပ်တဲ့အတွက်ကြောင့် နည်းဥပဒေထုတ်ပြန်ခြင်း မရှိစေကာမူ ပင်ရင်း

ဥပဒေဟာ အာဏာတည်သည်သာဖြစ်ပါတယ်။ ယင်းသို့ အာဏာတည်တဲ့ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် လိုအပ်တဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတွေလည်း ထုတ်ပြန်နိုင်ခွင့်ရှိပါတယ်။ သို့ဖြစ်ပါ၍ တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေထုတ်ပြန်၍ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်တဲ့ ဥပဒေတစ်ရပ်အတွက် နည်းဥပဒေကို ထုတ်ပြန်ခြင်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရာမှာ ချောမွေ့မှုရှိမှာ မှန်ကန်သော်လည်း အသေးစိတ်အချက်အလက်တွေ ပြည့်စုံစွာပါရှိရမယ့် နည်းဥပဒေတစ်ရပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းအနေနဲ့ စိစစ်ရေးသားပြီးတော့ အဆင့်ဆင့်တင်ပြပြီး ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်ရာမှာ အချိန်ယူရတဲ့အတွက်ကြောင့်လည်းကောင်း၊ ဥပဒေတစ်ရပ်အတွက် နည်းဥပဒေထုတ်ပြန်ဖို့လည်း အမြဲတမ်းလိုအပ်တယ်လို့ မဆိုနိုင်တဲ့အတွက်ကြောင့်လည်းကောင်း၊ လိုအပ်တဲ့ ဥပဒေနှင့်သက်ဆိုင်တဲ့ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကိုသာ ဆက်လက်ထုတ်ပြန်သင့်ပါတယ်။ နည်းဥပဒေတွေ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းပြီးတော့ အထက်မှာတင်ပြသလို ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ဖို့မှာတော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ အခက်အခဲရှိနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း သတ်မှတ်ချက်များ မတွေ့ရှိရပါ။ ရှေ့ကတင်ပြသလိုပဲ ဥပဒေဟာ အာဏာတည်ပြီးလို့ရှိရင် ဥပဒေဟာ အကောင်အထည်ဖော်အသက်ဝင်လာတာပဲဖြစ်ပါတယ်။ နည်းဥပဒေ ထုတ်ဖို့လိုတယ်၊ မလိုဘူးဆိုတာလည်း ဆွေးနွေးညှိနှိုင်းရမယ့်အချက်ဖြစ်တဲ့အတွက်ကြောင့် အမိန့်၊ ညွှန်ကြားချက်များလည်း ထုတ်ပြန်ပြီး ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက်ကြောင့် အဆိုနှင့်စပ်လျဉ်း ပြီးတော့ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေရဲ့သဘောထားကို ရှင်းလင်းတင်ပြပါ။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အချိန်ကာလဟာ စနစ်တစ်ခုကို ကျွန်တော်တို့အသစ်ပြောင်းလဲနေတာဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒနဲ့အညီဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီအခါမှာ ပြည်သူလူထုရော၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့်ရော ကျွန်တော်တို့ရဲ့ခံယူချက်တွေ၊ ကျွန်တော်တို့ရဲ့အတွေးခေါ်တွေလည်းပဲ ပြောင်းဖို့လိုအပ်ပါတယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။ ကျွန်တော်တို့ရဲ့အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ပြည်သူလူထုအနေနဲ့ ဒီဥပဒေရဲ့

အကာအကွယ်တွေကို အပြည့်အဝရရှိစေချင်တာပဲ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ပြည်သူလူထုအတွင်းမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတယ်ဆိုသော်လည်းပဲ ဒီရဲ့အကျိုးကျေးဇူးခံစားရမှုကို ပြည်သူလူထုရဲ့လက်တွေ့ခံစားရမှသာလျှင် အကောင်အထည်ပေါ်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူချင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့စပ်လျဉ်းပြီး အဆိုရှင်တစ်ဦးအပါအဝင် စုစုပေါင်း ၇ ဦးက အဆိုကိုထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကတော့ အဆိုကိုမှတ်တမ်းတင်ထားရှိသင့်ကြောင်း အကိုးအကားများနှင့် ဖော်ပြဆွေးနွေးသွားပါတယ်။ တဖန်အဆိုရှင် ဦးသိန်းဆွေက ထပ်မံပြီး လွှတ်တော်သို့ တင်ပြတာက ခေတ်ကာလအခြေအနေအပြောင်းအလဲ ဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်နဲ့ပြည်သူများအတွက် အကာအကွယ်ပေးနိုင်တဲ့ အကျိုးပြုနိုင်မယ့် ဥပဒေများဟာ မူလဥပဒေသက်သက် တစ်ရပ်တည်းနဲ့ ဆောင်ရွက်ဖို့ မလုံလောက်ဘူး။ သက်ဆိုင်ရာဆင့်ပွားဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ ညွှန်ကြားလွှာများရရှိမှသာလျှင် ဒီဥပဒေဟာ အသက်ဝင်အကျိုးခံစားနိုင်ခွင့်ရှိမှာ ဖြစ်တဲ့အတွက် ဒီအခွင့်အရေးကို ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများရဖို့ လိုကြောင်း ရှင်းလင်းတင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့် စေတနာကောင်းနဲ့၊ ရည်ရွယ်ချက်ကောင်းနဲ့ တင်ပြချက်အဆိုဖြစ်သလို ဆောင်ရွက်သင့်၊ ဆောင်ရွက်အပ်တဲ့အဆိုဖြစ်တဲ့အတွက် ဒီဥပဒေကို မှတ်တမ်းတင်ထားမယ့်အစား လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူမယ်ဆိုပြီးတော့ တင်ပြသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ခံယူနိုင်ရေးအတွက် စက်ခလုတ် အသုံးပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းဆွေရဲ့အဆိုကို ထောက်ခံ၊ ကန့်ကွက်နိုင်ဖို့အတွက် ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၂၇၃၊ ကန့်ကွက်မဲ ၆၈၊ ကြားနေမဲ ၁၉၊ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့် ဥပဒေများနှင့်စပ်လျဉ်း၍ ဆက်လက် ထုတ်ပြန်ရန် လိုအပ်သောယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးနေ့မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စု

အဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း အဆိုဟာ ထောက်ခံမဲ ၂၇၃ မဲ ရရှိတဲ့ အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၂၀ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ၁၂း၄၀ နာရီတွင်ရပ်နားပါသည်။**]**